Myanmar Garment Manufacturers Association

# NEWSLETTER

MAY 2025, ISSUE

# ဒုတိယအကြိမ်မြောက် လက်ကမ်းအလှူပက်ကေ့ချ်အစီအစဉ်

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း(MGMA) ၏ ဒုတိယအကြိမ်မြောက် လက်ကမ်းအလှူ ပက်ကေ့ချ် အစီအစဉ်ဖြင့် ၂၀၂၅ ခုနှစ်၊ မေလ ၇ ရက်မှ ၉ ရက်ထိ နေပြည်တော်နှင့်ပျဉ်းမနားတို့ရှိ ငလျင်ဒဏ်သင့်ဒေသများ သို့ သွားရောက်လှူဒါန်းခဲ့သည်။

စာ - ၂ သို့ >>>>>>>>>>



# မာတိကာ


**လှုပ်ရှားမှုနှင့်သတင်းများ** **စာမျက်နှာ**

ဒုတိယအကြိမ်မြောက် လက်ကမ်းအလှူပက်ကေ့ချ်အစီအစဉ် ............................................................... ၂~၆

လစဉ် MGMA အလုပ်အမှုဆောင်အစည်းအဝေး ........................................................................... ၇

Occupational Safety & Health Management System In-Factory Training (တစ်ရက်တာသင်တန်း) ၈~၁၀

မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု “ စံ ” သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA) Level 1 စစ်ဆေးခြင်း ......... ၁၁

အခြေခံမော်တာစက်ချုပ်သင်တန်း အမှတ်စဉ် (၂၅၃) ............................................................................ ၁၂-၁၃

တစ်ဆင့်မြင့်မော်တာစက်ချုပ်သင်တန်း (အမှတ်စဉ် - ၁၁) ......................................................................... ၁၄-၁၅


## Upcoming Activities

| *No.* | *Descriptions* | *Date* | *Venue* |
|---|---|---|---|
| 1. | OSH In-factory Training | June | Member Factory |

## Membership Update


New Member in May 2025 ...................................................................... ၁၆

Membership update as of May 2025 .......................................................... ၁၆

# ဒုတိယအကြိမ်မြောက် လက်ကမ်းအလှူပက်ကေ့ချ်အစီအစဉ်




မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း(MGMA) ၏ ဒုတိယအကြိမ်မြောက် လက်ကမ်းအလှူ ပက်ကေ့ချ် အစီအစဉ်ဖြင့် ၂၀၂၅ ခုနှစ်၊ မေလ ၇ ရက်မှ ၉ ရက်ထိ နေပြည်တော်နှင့်ပျဉ်းမနားတို့ရှိ ငလျင်ဒဏ်သင့်ဒေသများ သို့ သွားရောက်လှူဒါန်းခဲ့သည်။

ပျဉ်းမနားမြို့ ရန်အောင် (၂) ရပ်ကွက် ရှိ မိသားစု ၂၃၃ စု၊ အောင်ဇေယျရပ်ကွက်ရှိ မိသားစု ၂၅၁ စု၊ အထည်ချုပ် စက်ရုံများမှ အလုပ်သမား ၃၈ ယောက်တို့အား " ဆန်၊ ဆီ၊ ပဲ၊ ငါးခြောက်" ပါဝင်သည့် အလှူအိတ် နှင့် ငွေသား ထောက်ပံ့ကြေးများကို MGMA မှ သွားရောက်ထောက်ပံ့ ပေးအပ်ခဲ့သည်။

ငလျင်ဒဏ်သင့်ဒေသများရှိအဆောက်အအုံပြိုကျပျက်စီး ခဲ့သော အိမ်ထောင်စုများနှင့် မိသားစုဝင်များအသက် ဆုံးရှုံးခဲ့သည် အိမ်ထောင်စုများအား ငွေသားအထောက် အပံ့များပေးအပ်ခဲ့ပြီး မေလ ၇ ရက်နှင့် ၈ ရက်များတွင် တာပေါ်လင်နှင့် ဝတ္ထုငွေ များကို အောင်ဇေယျဘုန်းကြီး ကျောင်းသို့ လှူဒါန်းခဲ့သည်။ ထို့အပြင် MGMA အနေဖြင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် စက်မှုဝန်ကြီးဌာနများသို့ မေလ ၇ ရက်နေ့တွင် ထောက်ပံ့ငွေများ သွားရောက် လှူဒါန်းခဲ့ပြီး မေလ ၉ ရက်နေ့တွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ ငလျင်ဘေးသင့် ကယ်ဆယ်ရေးစခန်းရှိ မိသား စုဝင် ၁၁၅ စု အား ဆန်၊ ဆီ၊ ပဲ၊ ငါးခြောက်" ပါဝင်သည့် အလှူအိတ် နှင့် ငွေသား ထောက်ပံ့ကြေးများပေးအပ် ခဲ့သည်။

MGMA ၏ MGMA Helping Hand အစီအစဉ်ဖြင့် CSR လှုပ်ရှားမှုများကို KOGAM, JGMA, CTGA, MGMA အသင်းဝင်များနှင့် Sourcing Buyer တို့၏ကူညီ ထောက်ပံ့မှုဖြင့်အကောင်အထည်ဖော်ဆောင်ရွက်နိုင် ခဲ့သည်။




CTGA
MYANMAR





CTGA
MYANMAR

CTGA
MYANMAR

CTGA
MYANMAR























MTR












သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန


သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန



















ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန

ဂုဏ်ပြုမှတ်တမ်းလွှာ

၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် ဖြစ်ပွားခဲ့သော
အင်အားပြင်းငလျင်၏ သဘာဝဘေးအန္တရာယ်ဒဏ်ကို ခံစားခဲ့ရသည့်
နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ဝန်ထမ်းမိသားစုများအတွက်
စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် ထောက်ပံ့လှူဒါန်းပေးပါသော
မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း
(Myanmar Garment Manufacturers Association - MGMA) နှင့်
အသင်းသား၊ အသင်းသူများအား
ဤဂုဏ်ပြုမှတ်တမ်းလွှာဖြင့် မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

ညွှန်ကြားရေးမှူးချုပ်
နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန

ရက်စွဲ၊ ၂၀၂၅ ခုနှစ်၊ မေလ ၇ ရက်





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စက်မှုဝန်ကြီးဌာန

ဂုဏ်ပြုမှတ်တမ်းလွှာ

စက်မှုဝန်ကြီးဌာနရှိ ဝန်ထမ်းများအတွက် မြန်မာနိုင်ငံအထည်ချုပ်
လုပ်ငန်းရှင်များအသင်း (MGMA) မှ ငွေကျပ်သိန်း (၁၅၀) လှူဒါန်းခဲ့
ပါသဖြင့် မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

ဦးမျိုးဇာနည်ဝင်း
ညွှန်ကြားရေးမှူးချုပ်
စက်မှုဝန်ကြီးဌာန

ဂုဏ်ပြုမှတ်တမ်းလွှာအမှတ်စဉ်၊ စက်မှု/၂၀၂၅/၀၄၂
ရက်စွဲ ၊ ၂၀၂၅ ခုနှစ်၊ မေလ ရက်

# လစဉ် MGMA အလုပ်အမှုဆောင်အစည်းအဝေး

လစဉ်ပုံမှန်ပြုလုပ်လျက်ရှိသော MGMA အလုပ်အမှုဆောင် အစည်းအဝေးကို ၂၀၂၅ ခုနှစ်၊ မေလ ၁၃ ရက်က MGMA အစည်းအဝေးခန်း၌ပြုလုပ်ခဲ့သည်။




အစည်းအဝေးအား MGMA ၏မန်နေဂျင်းဒါရိုက်တာမှ သဘာပတိအဖြစ် ဦးဆောင်စတင်ခဲ့ပြီး အလုပ်အမှုဆောင်များမှ အောက်ပါလုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြသည်။

- MGMA ဦးဆောင်မှုဖြင့် အဖွဲ့ဝင် ၁၁ ဦးလိုက်ပါခဲ့သည့် Fashion in Style 2025 နှင့်ပတ်သက်သည့် အကြံပြုချက်များ
- Help Hands Program ဖြင့် မန္တလေး၊ စစ်ကိုင်း၊ အင်း၀၊ နေပြည်တော်၊ ပျဉ်းမနား မြို့များသို့ သွားရောက်ခဲ့သည့် CSR လှူပ်ရှားမှုများနှင့်ပတ်သက်သည့် အကြံပြုချက်များ
- Textile and Apparel Enterprise Sustainable Development Training program of Donghua University သို့ တက်ရောက်မည့်ကိစ္စရပ်များ
- ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်မှ ၁၇ ရက်ထိ ကျင်းပပြုလုပ်မည့် Apparel Sourcing in Paris, 2025 တွင် Myanmar Pavilion ဝင်ရောက်ပြသမည့် ကိစ္စရပ်များ
- ဘရာဇီးနိုင်ငံတွင် ပြုလုပ်မည့် International Trade Fair နှင့် သီရိလင်္ကာတွင်ပြုလုပ်မည့် Intertex Expo 2025 နှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များ
- ၂၀၂၅ ခုနှစ်၊ ဇွန်လ ၂၈ ရက်တွင် ကျင်းပမည့် အသင်းသားစုံညီနှစ်ပတ်လည်အစည်းအဝေးဆိုင်ရာ ကိစ္စရပ်များ

အစည်းအဝေးသို့ MGMA ၏ ဥက္ကဌ၊ ဒု-ဥက္ကဌများ နှင့် ဗဟိုအလုပ်အမှုဆောင် /အလုပ်အမှုဆောင်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

# Occupational Safety & Health Management System In-Factory Training (တစ်ရက်တာသင်တန်း)

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) မှကြီးမှူး၍ Occupational Safety & Health Management System In-Factory Training (တစ်ရက်တာသင်တန်း) ကို ၂၀၂၅ ခုနှစ်၊ မေလ ၁၆ ရက်နှင့် ၂၇ ရက်များတွင် Musung Garment Co.,Ltd နှင့် Zong Hong (Myanmar) Garment Co., Ltd, တို့၌ပြုလုပ်ခဲ့သည်။

MGMA ၏ Senior Labour Officer ဦးမင်းစိုးဟန် မှအဖွင့်အမှာစကားပြောကြားခဲ့ပြီးသင်တန်းကို စတင်ခဲ့သည်။ သင်တန်းတွင် MGMA ၏အလုပ်သမားရေးရာ အရာရှိများမှ Basic concepts of Occupational Safety and Health, Occupational Safety and Health Laws, Roles & Responsibilities, Workplace Hazards and Prevention in Garment Industry, Risk Management System, Occupational cleanliness and waste management, Occupational safety and Health Management System, Emergency Preparedness, Fire Safety, Electrical Safety, Chemical Safety, Occupational Health Hazards and ways to prevent, Building Good habits/Practices & Auditing များကိုအဖွဲ့လိုက်ဆွေးနွေးမှုများ၊ အမေးအဖြေကဏ္ဍများဖြင့် သင်ကြားပြသပေးခဲ့သည်။

ထို့နောက် MGMA ၏ Senior Labour Officer ဦးမင်းစိုးဟန် မှသင်တန်းပြီးဆုံးကြောင်း နှုတ်ဆက်စကားပြောကြားခဲ့ပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့သည်။ Musung Garment Co.,Ltd မှ OSH ကော်မတီအဖွဲ့ဝင်များနှင့် ရုံးဝန်ထမ်း စုစုပေါင်း (၁၉) ဦး နှင့် Zong Hong (Myanmar) Garment Co., Ltd မှ ဝန်ထမ်း (၂၁) ဦးတက်ရောက်ခဲ့သည်။

## Musung Garment Co.,Ltd
















## Zong Hong (Myanmar) Garment Co.,Ltd












# မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု “ စံ ” သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA) Level 1 စစ်ဆေးခြင်း

မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု “ စံ ” သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA) မှ National Skill Standard Authority (NSSA) Level 1 အကဲဖြတ်စစ်ဆေးခြင်းကို ၂၀၂၅ ခုနှစ်၊ မေလ ၁၅ ရက်နှင့် ၁၆ ရက်များတွင် မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းလူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးရေးစင်တာ (MGHRDC) ၌ပြုလုပ်ခဲ့သည်။

အထည်ချုပ်စက်ရုံများမှ Operator Level ဝန်ထမ်း (၃၀) ယောက် အား ရေးဖြေအဖြစ် Multiple Choice မေးခွန်းများ နှင့် လက်တွေ့စစ်ဆေးမှုအဖြစ် စက် (၅) မျိုးဖြစ်သော Single Needle Lock Stitch Machine, Four Thread Overlock Machine, Button Hole Machine, Button Attached Machine, Bartack Machine တို့ကို လက်တွေ့အသုံးပြုပုံများကို အကဲဖြတ်စစ်ဆေးခဲ့သည်။













# အခြေခံမော်တာစက်ချုပ်သင်တန်း အမှတ်စဉ် (၂၅၃)



Batch – 253 Group Photo

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) မှ ကြီးမှူးပြီး အခြေခံမော်တာ စက်ချုပ်သင်တန်း အမှတ်စဉ် (၂၅၃) ကို ၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၈ ရက် မှ မေလ ၁၆ ရက်ထိ မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး စင်တာ (MGHRDC) ၌ပြုလုပ်ခဲ့သည်။

အစိုးရနည်းပညာအထက်တန်းကျောင်း(ရွာမ)မှကျောင်း အုပ်ကြီး ဦးဇေယျာအောင် နှင့် သင်တန်းကျောင်း၏ မန်နေဂျာ ဒေါ်မြသီတာစိုးတို့မှ အဖွင့်အမှာစကားနှင့် သင်တန်းဆင်းအမှာစကား ပြောကြားခဲ့သည်။ သင်တန်းတွင် အထည်ချုပ်လုပ်ခြင်း ဆိုင်ရာတွင် သိသင့်သိထိုက်သည့် ဗဟုသုတများ၊ ချုပ်နည်းအဆင့်ဆင့်များကို လက်တွေ့ သင်ကြားမှုများဖြင့် သင်ကြားပေးခဲ့ပြီး MGMA မှအလုပ်သမားဥပဒေဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်း ပြောကြားပေးခဲ့သည်။ သင်တန်းသို့ သင်တန်းသား (၁၄) ယောက်တက်ရောက်ခဲ့ပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။



Principle of GTHS giving Closing Remarks



Manager of MGHRDC giving Opening Remarks



MGMA conducting Labor Law Awareness



Safe Migration Seminar by IOM



Practice Session




Trainer of MGHRDC presenting Sewing Method




Trainer of MGHRDC presenting Sewing Method




Practice Session



Awarding Certificates



Awarding Certificates

# တစ်ဆင့်မြင့်မော်တာစက်ချုပ်သင်တန်း (အမှတ်စဉ် - ၁၁)

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) မှကြီးမှူးပြီး တစ်ဆင့်မြင့်မော်တာစက်ချုပ်သင်တန်း (သင်တန်းအမှတ်စဉ် - ၁၁) ကို ၂၀၂၅ ခုနှစ်၊ မေလ ၁၉ ရက်မှ ၃၀ ရက်ထိ မြန်မာနိုင်ငံအထည်ချုပ်လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ (MGHRDC) ၌ပြုလုပ်ခဲ့သည်။

သင်တန်းတွင် MGHRDC သင်တန်းကျောင်းမှ ဆရာမများက အထည်တစ်ခု၏ အစိတ်အပိုင်းများဖြစ်သော (အိတ်ဖုံး၊ ခရုပတ်၊ ပုခုံးဒေါက်၊ အိတ်ကပ်၊ ဖေါက်အိတ်ပုံစံအမျိုးမျိုး၊ ရိုးရိုးဇစ်တပ်နည်း၊ ဇစ်ပျောက်တပ်နည်း၊ ကျားဝတ်ဂျာစီ( သဘော်သားလျှာချုပ်နည်း)၊ ရှပ်အင်္ကျီလက်ရှည်တစ်ထည်လုံးချုပ်နည်း၊ ခါးပတ်ပါတဲ့ A Skirt တစ်ထည်လုံးချုပ်နည်း များကိုသင်ကြားပေးသွားမည့်အပြင် အထူးစက်ချုပ်သင်တန်း (၆) မျိုးဖြစ်သော ကြယ်သီးဖောက်စက်အသုံးပြုနည်း၊ ကြယ်သီးတပ်စက်အသုံးပြုနည်း၊ Bartack Machine, Overlock 4 thread, Overlock 5 thread, 2 Needle များကို သင်ကြားပေးခဲ့သည်။ လက်တွေ့လုပ်ဆောင်မှုများပါဝင်သည့်သင်တန်းသို့ သင်တန်းသား (၁၀) ဦးတက်ရောက်ခဲ့သည်။



Batch 11 Group Photo



EC of MGMA Daw Hnin Thet Mon giving closing remarks



Practice Session



Trainer of MGHRDC presenting Sewing Method



Practice Session



Group Work



Trainer of MGHRDC presenting Sewing Method



Awarding Certificate



Awarding Certificate



Trainer of MGHRDC presenting Sewing Method



Trainees of Advanced Sewing Machine Operator Training




## MEMBERSHIP UPDATE

New Members in May 2025

| Country | No. of New Member Factories |
|---|---|
| China | 6 |
| **Total** | 6 |

Membership Update as of May 2025

| Status | Country | No. of Factories |
|---|---|---|
| Active | Myanmar | 64 |
| | China | 342 |
| | Korea | 55 |
| | Japan | 17 |
| | Others | 20 |
| | Joint Venture | 25 |
| | Local, Sub-Con, Marketing, Inspection, Textile | 50 |
| Total (Active) | | 573 |
| Temporary Closed | | 55 |